International Labour Organization

# မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍအတွင်း လူ့အစားထိုးစက်ကိရိယာအသုံးပြုမှုနှင့် ဒီဂျစ်တယ်စနစ်သို့ပြောင်းလဲခြင်း

## ဈေးကွက်မဟာဗျူဟာများ ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်ဆိုင်ရာမူဝါဒများ၏ လတ်တလောအခြေအနေများနှင့် ဂယက်ရိုက်ခတ်မှုများအပေါ် သုံးသပ်ချက်

# မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍအတွင်း
# လူအစားထိုးစက်ကိရိယာအသုံးပြုမှုနှင့် ဒီဂျစ်တယ်စနစ်သို့ပြောင်းလဲခြင်း

## ဈေးကွက်မဟာဗျူဟာများ ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်ဆိုင်ရာမူဝါဒများ၏
## လတ်တလောအခြေအနေများနှင့် ဂယက်ရိုက်ခတ်မှုများအပေါ် သုံးသပ်ချက်

# စကားချီး

နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများ၊ လူမှုဘဝပြောင်းလဲမှုများ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုဆိုင်ရာ ပြောင်းလဲမှုများနှင့် ဂလိုဘယ်လိုက်ဇေးရှင်း စသည်တို့သည် အလုပ်လုပ်ကိုင်မှု၏ သဘောသဘာဝနှင့် အလုပ်အနာဂတ်များ၊ ထိုအလုပ်ခွင်များရှိ ဝန်ထမ်းများ၏ နေရာနှင့် ဂုဏ်သိက္ခာတို့အပေါ်တွင် ကြီးမားသော သက်ရောက်မှုများ ရှိနေသောကြောင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့မှ ၎င်း၏ ရာပြည့်နှစ် ၂၀၁၉ ခုနှစ်အား အလုပ်အကိုင်ပတ်ဝန်းကျင် လောကတွင် ပြောင်းလဲမှုများရှိချိန်ဟု ဖော်ညွှန်းခဲ့ပါသည်။

မြန်မာအမျိုးသားများနှင့် အမျိုးသမီးဦးရေ ၅ သိန်းနီးပါးခန့်အား အလုပ်အကိုင်ဖန်တီးပေးနိုင်သော အရေးပါသည့် အထည်ချုပ်လုပ်ငန်းကဏ္ဍရှိ နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများကြောင့် မိရိုးဖလာထုံးစံအရ လူသားများဖြင့် ပြုလုပ်ဆောင်ရွက်ချက်များအား ယခုအခါတွင် စက်ပစ္စည်းကိရိယာများဖြင့် အစားထိုးအသုံးပြုသော ပြောင်းလဲမှုများ တိုးမြင့်ဖြစ်ပေါ်နေသည်။

နည်းပညာဆိုင်ရာဆန်းသစ်တီထွင်မှုများသည်ပင်ကိုယ်အားဖြင့်ကောင်းသည်၊ဆိုးသည်မရှိကြပေ။လူအစားထိုးနည်းပညာနှင့် ဒစ်ဂျစ်တယ်နည်းပညာများသည် အလုပ်သမားများ၏ ကုန်ထုတ်စွမ်းအားနှင့် အထည်ချုပ်လုပ်ငန်းကဏ္ဍတစ်ခုလုံး၏ ယှဉ်ပြိုင်လိုမှုကို တိုးတက်စေသည်။ တစ်ဖက်တွင်လည်း ထိုအပြောင်းအလဲများသည် များစွာသော အထည်ချုပ်စက်ရုံများနှင့် အလုပ်သမားအများစုဖြစ်သော အမျိုးသမီးငယ်အတွက် အထည်ချုပ်လုပ်ငန်းကဏ္ဍက ပံ့ပိုးပေးနိုင်သည့် စီးပွါးရေးဆိုင်ရာ လွတ်လပ်စွာရပ်တည်နိုင်မှုနှင့် လုပ်ပိုင်ခွင့်အာဏာရရှိစေနိုင်မှုများနှင့် ပတ်သက်သော ပြင်းထန်သည့် စိန်ခေါ်မှုများဖြင့် ကြုံတွေ့ရနိုင်သည်။ ထို့အပြင် နည်းပညာဆိုင်ရာ ပြောင်းလဲမှုများအား လုပ်ငန်းလည်ပတ်မှုနှင့် အုပ်ချုပ်ရေးရာ စွမ်းဆောင်ရည် မြင့်တက်စေရန် အသုံးပြုနိုင်ပြီး ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်ခုလုံးအား နှောင့်နှေးစေသော အချိန်ကြန့်ကြာမှုများအားလည်း လျော့ပါးစေနိုင်သည်။ နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများအား အသုံးပြုခြင်းဖြင့် အထည်ချုပ်လုပ်ငန်းမှ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းစေသော ခြေလှမ်းများ အားလည်း လျှော့ချနိုင်ပြီး အလုပ်သမားများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကောင်းကျိုးများလည်း ရရှိစေနိုင်မည်ဖြစ်သည်။

အထူးသဖြင့် မြန်မာနိုင်ငံရှိ ILO မိတ်ဖက်အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) တို့အနေဖြင့် လူအစားထိုး စက်ကရိယာများနှင့် နည်းပညာဆိုင်ရာ ပြောင်းလဲမှုများကြောင့် ပြိုင်တူဖြစ်ပေါ်နိုင်သည့် အလားအလာများနှင့်စိန်ခေါ်မှုများအား ကောင်းမွန်စွာ သတိထားမိကြသည်။ အထည်ချုပ်လုပ်ငန်းနှင့် ပတ်သက်သည့် ပါဝင်သက်ဆိုင်သူများအကြား ကဏ္ဍတစ်ရပ်လုံးအတွက် မျှတ၍ အလုံးစုံပါဝင်နိုင်သော ရေရှည်တည်တံ့ခိုင်မြဲသည့် အနာဂတ်ကို ဖော်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ကြရန် အလွန်အရေးကြီးကြောင်းနှင့် လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း အလုံးစုံပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ယန္တရားများအား ထိန်းသိမ်းထားနိုင်ရန် လိုအပ်သော ကျွမ်းကျင်မှုစွမ်းရည်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများအား ထုတ်ဖော်သတ်မှတ်ရန် လွန်စွာလိုအပ်သည်။ နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများ စတင်အသုံးပြုခြင်းသည် မြန်မာနိုင်ငံရှိ အမျိုးသမီးများနှင့် အမျိုးသားများ အပေါ်တွင် မည်ကဲ့သို့ကွဲပြားစွာ သက်ရောက်နိုင်ကြောင်းကို အလေးထားခြင်းနှင့် လုပ်ခလစာတန်းတူညီမျှသေချာစွာ ဖြစ်ပေါ်ရေးကို ဖြည့်ဆည်းဆောင်ရွက်ခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ယန္တရားအား ဆက်လက်ထိန်းသိမ်းထားနိုင်ရန် အထည်ချုပ်လုပ်ငန်းအတွက် အခြေခံကျသည့်စိုးရိမ်စရာပင်ဖြစ်ပါသည်။

ပထမနှစ်တစ်ရာ ခိုင်မြဲတည်ရှိမှုမှ လေ့လာသင်ယူခဲ့ခြင်းအရ အပြန်အလှန်ဆွေးနွေးပွဲများမှတဆင့် အစိုးရများ၊ အလုပ်ရှင်များနှင့် အလုပ်သမားများ၏ကိုယ်စားလှယ်များမှ စဉ်ဆက်မပြတ် ပူးပေါင်းညီညွတ်သည့် ဆောင်ရွက်ချက်များသည် လူမှုရေးရာ တရားမျှတမှု၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ရရှိရန်အတွက် မရှိမဖြစ်လိုအပ်ကြောင်း ILO မှ အတည်ပြုထားပါသည်။ ရေရှည်တည်တံ့ခိုင်မြဲသော အထည်ချုပ်လုပ်ငန်းအနာဂတ်ဖြစ်ပေါ်စေရန် အစိုးရ၊ လုပ်ငန်းရှင်များနှင့် အလုပ်သမားအဖွဲ့အစည်းများအကြား မူဝါဒရေးရာ အပြန်အလှန်ဆွေးနွေးပွဲများ ပြုလုပ်ရန် ဤ အစီရင်ခံစာက ဖြည့်ဆည်းပံ့ပိုးမှုများလုပ်ဆောင်ပေးထားသော အထောက်အထားအခြေပြုသုတေသနသည် မရှိမဖြစ် လိုအပ်ပါသည်။

**Donglin Li**
**ILO ဆက်သွယ်ညှိနှိုင်းရေးအရာရှိ**
**ရန်ကုန်**

# နိဒါန်းအမှာစကား

အထည်ချုပ်လုပ်ငန်းများအပါအဝင် အလုပ်အကိုင်ဝန်းကျင်လောကသည် ဂလိုဘယ်လိုက်ဇေးရှင်း၊ ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်း၊ အခြားသော နည်းပညာပိုင်းဆိုင်ရာ တိုးတက်မှုများ စတင်အသုံးပြုလာခြင်းနှင့် ရာသီဥတုများ ပြောင်းလဲလာခြင်းများ၏ ရလဒ်တစ်ခုအဖြစ် လျင်မြန်စွာပြောင်းလဲနေကြသည်။ ၎င်းတို့သည် ကျယ်ပြန့်ပြီး အချင်းချင်းဆက်နွယ်နေသည့် ဖြစ်ရပ်များဖြစ်ပြီး ကျွန်ုပ်တို့၏ လုပ်ငန်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ တိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်ခြင်း၏ ဗဟိုအချက်အချာသို့ ရောက်ရှိနေပါသည်။ နည်းပညာရပ်အသစ်များအား အစပျိုးအသုံးပြုသည့် အတိုင်းအတာခြေလှမ်းနှင့်ပတ်သက်ပြီး အတတ်မပြောနိုင်သော်လည်း၊ ဦးတည်ရာအလားအလာမှာမူ ငြင်းပယ်၍မရနိုင်ပါ။

အချို့သော အလုပ်တာဝန်များအား လူအစားထိုး စက်ကိရိယာအသုံးပြုခြင်း သို့မဟုတ် ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်းများသို့ ပြောင်းလဲနိုင်သည့် အလားအလာရှိသော်ငြားလည်း ကုန်ထုတ်လုပ်မှု လုပ်ငန်းတစ်ခုလုံးအား စက်ရုပ်များမှ သိမ်းပိုက်နိုင်မည်မဟုတ်ပေ။ လုပ်ငန်းတစ်ခုအတွင်းရှိ အချို့သော အလုပ်တာဝန်များအား လူအစားထိုး စက်ကိရိယာပြောင်းလဲနိုင်သော်လည်း အခြားသောအရာများမှာ ဆက်လက်တည်ရှိ သို့မဟုတ် တိုးတက်ပြောင်းလဲလာနိုင်ပြီး အသုံးမဝင်တော့သည့်အရာများ မဟုတ်ချေ။

ဤလုပ်ငန်းအတွက် ပိုမိုတောက်ပသည့် အနာဂါတ်တစ်ခုအား သေချာစေရန် ကျွန်ုပ်တို့အနေဖြင့် ယခုလက်ရှိ အသုံးပြုနေသော “cut, make and pack” (ဖြတ်၊ ချုပ်၊ ထုပ်) ပုံစံမှနေ၍ ပိုမိုလိုအပ်နေသည့် “freight on board” (ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှုနှင့် ပတ်သက်ပြီးရောင်းသူနှင့် ဝယ်သူအကြားတာဝန်ယူမှု) ပုံစံသို့ ကူးပြောင်းနေသည့်အလျောက် ကျွန်ုပ်တို့၏ ၁၀ နှစ်တာ မဟာဗျူဟာတွင် ချမှတ်ထားသည့် ဦးတည်ချက် ဖြစ်ထွန်းအကောင်အထည်ဖော်နိုင်ရေးတွင် နည်းပညာအသစ်များအား စတင်အသုံးပြုခြင်းသည် ထိရောက်သော နည်းလမ်းတစ်ခု ဖြစ်နိုင်သည်။

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA)နှင့် ကျွန်ုပ်တို့၏ အဖွဲ့ဝင်များမှနေ၍ ထိုကဲ့သို့ ပြောင်းလဲခြင်းများ၏ အသီးအပွင့်များကို ခံစားရန်နှင့် ၎င်းတို့မှ ဖြစ်ပေါ်လာနိုင်သော အခက်အခဲများကို လျှော့ချနိုင်ရန် မည်သည့်အရာများကို မည်ကဲ့သို့ ပြင်ဆင်ထားရမည်နည်း။ မြန်မာနိုင်ငံအနေဖြင့် ထိုကဲ့သို့ တီထွင်ကြံဆမှုများမှ ရယူနိုင်ရန် နေရာကောင်းတစ်ခုတစ်ခုသို့ ရောက်ရှိရန် မည်ကဲ့သို့ သေချာစေနိုင်မည်နည်း။

ဤလုပ်ငန်း၏ တာဝန်ရှိသူများမှနေ၍ အနာဂါတ်တွင် ဖြစ်ပေါ်လာမည့်အရာများကို ရင်ဆိုင်နိုင်ရန်အတွက် ကျွမ်းကျင် မှုစွမ်းရည်များ ပျိုးထောင်ပေးခြင်းတွင် ရင်းနှီးမြှုပ်နှံရန် လွန်စွာလိုအပ်သည်။ ကျွန်ုပ်တို့အနေဖြင့် စက်ရုံတွင်းအဓိကဦးစားပေးကာ သင်တန်းပို့ချသည့် ကျွမ်းကျင်မှုစွမ်းရည်များ ပျိုးထောင်ပေးခြင်းဆိုင်ရာ စနစ်များနှင့် အစီအစဉ်များ ပုံဖော်ရေးဆွဲရာတွင် ဦးဆောင်သည့်ကဏ္ဍအား တာဝန်ယူရမည်ဖြစ်သည်။ မြန်မာနိုင်ငံအား လစာငွေတိုးမြင့်သည့် လမ်းကြောင်းပေါ်တွင် ရွေ့ရောက်စေရန်အတွက် နည်းပညာနှင့် လူအစားထိုး စက်ကိရိယာ အသုံးပြုမှုများ မုချလိုအပ်သည်။ ပူးတွဲပါ စာတမ်းမှနေ၍ နိုင်ငံတော်အစိုးရအား လုံလောက်သော TVET ဥပဒေပြဋ္ဌာန်းမှုအပေါ် ရင်းနှီးမြှုပ်နှံ၍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လက်ရှိအလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအား ပိုမိုကောင်းမွန်အောင် ပြင်ဆင်ရေးဆွဲရန် ဆွေးနွေးအကြံပြုထားသည်။

ကျွန်ုပ်တို့ အသင်းဝင်များ၏ လိုအပ်ချက်များအား တုံ့ပြန်ဆောင်ရွက်ရန် လိုလားသည့် ပညာရှင် အဖွဲ့အစည်းတစ်ခု ဖြစ်သည့်အလျောက် MGMA သည် ကျွန်ုပ်တို့၏ အသင်းဝင်များနှင့်အတူ လူအစားထိုး စက်ကိရိယာ အသုံးပြုခြင်းနှင့် ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်းများ တိုးမြင့်လာသည့် လမ်းကြောင်းပေါ်တွင် သက်ရောက်သည့် အခက်အခဲများအား တက်ကြွစွာ ဖော်ထုတ်၍ ဖြေရှင်းနိုင်ရန် မျှော်လင့်သည်။ ကျွန်ုပ်တို့အနေဖြင့် အထည်ချုပ်လုပ်ငန်းနှင့်စပ်လျဉ်းသည့် ပါဝင်သက်ဆိုင်သူများနှင့် အပြန်အလှန်ဆွေးနွေးရန် အားပေးမည်ဖြစ်ပြီး လူအစားထိုး စက်ကိရိယာ အသုံးပြုခြင်းနှင့် ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်းမှ လုပ်ငန်းကဏ္ဍနှင့် စက်ရုံအလုပ်ရုံအဆင့်များသို့ သယ်ဆောင်လာမည့် အခွင့်အရေးများအား မည်ကဲ့သို့ အသုံးချမည်ဟူသော အမြင်များအား ဆွေးနွေးဖလှယ်ကြမည်ဖြစ်သည်။ MGMA၊ ၎င်း၏ အသင်းဝင်များနှင့် အထည်ချုပ်လုပ်ငန်းနှင့်စပ်လျဉ်းသည့် ပါဝင်သက်ဆိုင်သူများ အတူတကွ လက်တွဲလုပ်ဆောင်ခြင်းဖြင့် ပိုမိုကောင်းမွန်သော ကုန်ထုတ်လုပ်မှုစွမ်းအား၊ ကျွမ်းကျင်မှုစွမ်းရည်များ ပျိုးထောင်မှုနှင့် ကျွန်ုပ်တို့၏ အရေးပါသော အထည်ချုပ်ကဏ္ဍအား စွမ်းအားမြှင့်တင်ပေးနေသည့် အမျိုးသားနှင့် အမျိုးသမီးများအတွက် ကောင်းမွန်သောလုပ်ငန်းခွင်တစ်ခုသို့ ဦးတည်စေနိုင်ပါသည်။

ဤသုတေသနအသစ်တစ်ရပ်သည် အချိန်ကိုက်ဖော်ဆောင်ထားပြီး ကျွန်ုပ်တို့အတွက် လူအစားထိုး စက်ကိရိယာ အသုံးပြုမှုနှင့် ဒီဂျီတယ်စနစ်သို့ ပြောင်းလဲခြင်းဆိုင်ရာ အပြန်အလှန်ဆွေးနွေးခြင်းများအပေါ် တိုက်တွန်းရန် ခိုင်မာသည့် အခြေခံအခြင်းအရာများကို ပေးစွမ်းနိုင်သည့်အလျောက် ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံ ILO ဆက်ဆံရေးရုံးမှ ရရှိခဲ့သည့် ထောက်ပံ့ကူညီပေးမှုများအတွက် အထူးကျေးဇူးတင်ရှိပါသည်။

**ဒေါ်ခိုင်ခိုင်နွယ်**
**အထွေထွေအတွင်းရေးမှူး**
**မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း**

# အစီရင်ခံစာ အနှစ်ချုပ်

အထည်ချုပ်ကဏ္ဍသည် အများအားဖြင့် အလိုအလျောက်စနစ် အသစ်များနှင့် ဒီဂျစ်တယ်နည်းပညာများ စတင်အသုံးချမှုများကြောင့် လျင်မြန်စွာ ပြောင်းလဲနေသည်။ ယင်းနည်းပညာများအား ကုန်ကြမ်းများ ရရှိခြင်းမှစ၍ နောက်ဆုံး စားသုံးသူများနှင့် ဆက်ဆံသည်အထိ ထုတ်လုပ်မှုအဆင့်ဆင့်တွင် စတင်ကျင့်သုံးနေကြပြီ ဖြစ်သည်။ အလုပ်များပြင်းထန်စွာ လုပ်ကိုင်ရသည့် အမြောက်အများထုတ်လုပ်ရာတွင် အခြေခံအချက်ဖြစ်သော စက်ရုံကြမ်းခင်းလည်း ယင်းပြောင်းလဲမှုများတွင် ပါဝင်ပါသည်။ အထည်ချုပ်လုပ်ငန်းကဏ္ဍဆိုင်ရာ McKinsey ၏ နှစ်ပတ်လည် အစီရင်ခံစာတွင် တင်ပြထားသည်မှာ "မကြာသေးမီကာလအတွင်း ဖြစ်ပေါ်ခဲ့သော နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများမှာ စက်ချုပ်ခြင်းမှ ကော်ကပ်ခြင်း၊ သိုးမွေးထိုးခြင်းနှင့် အဆုံးသတ် အချောထုတ်လုပ်ခြင်းမှ သိုလှောင်ခြင်းနှင့် အချင်းချင်းထောက်ပို့ လုပ်ငန်းစဉ်များ စသည့် အတိုင်းအတာ အားလုံးအတွက် အကျိုးဝင်သည်။" (McKinsey & ကုမ္ပဏီ ၂၀၁၉၊ စာမျက်နှာ ၈၈)

အလိုအလျောက်စနစ်များနှင့် ဒီဂျစ်တယ်နည်းပညာများသည် အလုပ်သမားများနေရာတွင် စက်ရုပ်များဖြင့် အစားထိုးလာမည်ကို ကြောက်ရွံ့ထိတ်လန့်စေသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အထည်ချုပ်ကဏ္ဍအပေါ်တွင် မှီခိုလုပ်ကိုင်နေသော အလုပ်သမား မြောက်များစွာ အလုပ်လက်မဲ့ဖြစ်မှု ဖြစ်စေနိုင်သောကြောင့် ဖြစ်သည်။ ရေရှည်ကာလတွင် အမြောက်အများ ထုတ်လုပ်သော အထည်ချုပ်လုပ်ငန်းများ၌ လက်ဖြင့်လုပ်ရသော အလုပ်များစွာကို နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများဖြင့်အစားထိုးလုပ်ကိုင်လာနိုင်သည်။သို့သော်လည်း နည်းပညာဆိုင်ရာပြောင်းလဲမှုသည်တဖြည်းဖြည်း ကျယ်ပြန့်လာမည်ဖြစ်ပြီး အစပိုင်းတွင် ရိုးရှင်းပြီး ထပ်ခါတလဲလဲ လုပ်ရသော အလုပ်များကို အလိုအလျောက်စနစ် အသုံးပြုလာမည် ဖြစ်သည်။ နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ ပိုမိုရှုပ်ထွေးသော လုပ်ငန်းစဉ်များကိုပါ အလိုအလျောက်စနစ်ဖြင့် အသုံးပြုလာမည် ဖြစ်သည်။ သို့သော် အကန့်အသတ်များ/အဟန့်အတားများရှိနေမည်ကို အလိုအလျောက်စနစ် အသုံးပြုခြင်းအား ထောက်ခံပြောဆိုသူများပင် သတိပြုမိကြသည်။ အလိုအလျောက်စနစ်ဖြင့် ချုပ်လုပ်သော စက်များဖြင့် "သတိုးသမီးဝတ်စုံတော့ ဘယ်တော့မှ လုပ်နိုင်မယ်မဟုတ်" ဟု Softwear Automation ကုမ္ပဏီ၏ စီအီးအိုဖြစ်သူမှ အများပြည်သူရှေ့မှောက်တွင် ဖွင့်ဟပြောဆိုခဲ့သည်။" (Peters ၂၀၁၇)

မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍတွင် အော်တိုမေးရှင်း သို့မဟုတ် စက်ပစ္စည်းများဖြင့် အလိုအလျောက် ကုန်ထုတ်လုပ်နည်းသည် အကန့်အသတ်ဖြင့်သာ ရှိနေသော်လည်း တိုးလာနေသည်ဟု စက်ရုံများနှင့် အလုပ်သမားများ ဖြေဆိုခဲ့သော လွှမ်းခြုံစစ်တမ်းများနှင့် အရည်အသွေးဆိုင်ရာ တွေ့ဆုံမေးမြန်းမှုများအပေါ် အခြေခံထားသော ယခုလေ့လာချက်မှ တွေ့ရှိခဲ့သည်။ လွှမ်းခြုံစစ်တမ်းလွှာဖြေဆိုခဲ့သော စက်ရုံအားလုံးနီးပါးသည် ၎င်းတို့စက်ရုံတွင် တစ်မျိုးမျိုးသော အော်တိုမေးရှင်း သို့မဟုတ် စက်ပစ္စည်းများဖြင့် အလိုအလျောက် ကုန်ထုတ်လုပ်နည်းတွင် ရင်းနှီးမြှုပ်နှံထားခဲ့ပြီးဖြစ်သော်လည်း ယင်းပြောင်းလဲခြင်းသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအနည်းငယ်သာ ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သော လွှမ်းခြုံစစ်တမ်းလွှာအရ ဒီဂျစ်တယ်ပလော့တာပရင်တာများ သို့မဟုတ် ကွန်ပြူတာအကူဖြင့် ဒီဇိုင်းဆွဲခြင်း စသည့် ထုတ်လုပ်မှု မတိုင်ခင်အဆင့်များတွင် ၇၀% သော စက်ရုံနီးပါးမှ နည်းပညာအသစ်များ စတင်အသုံးပြုနေခဲ့သည်ဟု တွေ့ခဲ့သည်။ စက်ရုံများ၏ ၅၀% သို့မဟုတ် တစ်ဝက်နီးပါးတွင် အလိုအလျောက် ဖြန့်ခင်းခြင်း သို့မဟုတ် ဖြတ်တောက်ခြင်းတို့ စတင်အသုံးပြုနေခဲ့သည်။ စက်ရုံများ၏ ၄၀% ခန့်တွင် တစ်စိတ်တစ်ပိုင်း အလိုအလျောက် (semiautomatic) သို့မဟုတ် အလိုအလျောက် စက်ချုပ်စက်များ တစ်မျိုးမျိုးကို စတင်အသုံးပြုနေခဲ့သည်။

အလုပ်သမားအများစုသည် တစ်စိတ်တစ်ပိုင်းအလိုအလျောက် (semiautomatic)သို့မဟုတ် အလိုအလျောက်စနစ်ပါဝင်သော နည်းပညာကို အသုံးပြုနေပြီးဖြစ်သည်။ ဖြေဆိုခဲ့သော အလုပ်သမားအယောက် (၂၆၈) တွင် ၁၃၁ ယောက်မှာ တစ်စိတ်တစ်ပိုင်း အလိုအလျောက် (semiautomatic) နှင့် ၉ ယောက်မှ အလိုအလျောက် စနစ်ပါဝင်သော နည်းပညာကို အသုံးပြုနေပြီးဖြစ်သည်ဟု ဖြေဆိုခဲ့ကြသည်။ အထူးသဖြင့် ခေတ်မီသော စက်ပစ္စည်းများ ပိုမိုအသုံးပြုနေမှုနှင့် အလုပ်သမားများ၏ ဂျန်ဒါ သို့မဟုတ် ပညာရေးဆိုင်ရာ သက်ဆိုင်မှု ဦးတည်ရာများ သိသိသာသာ မရှိခဲ့ပါ။ ယင်းသို့ ကိန်းဂဏန်းများ မြင့်နေသော်လည်း ဝန်ထမ်းများသည် ၎င်းတို့ အလုပ်အကိုင်တွင် ဒီဂျစ်တယ်စနစ်ပြောင်းခြင်း သို့မဟုတ် အလိုအလျောက်စနစ်ပြောင်းခြင်း တွေ့ကြုံခဲ့ရသည်ဟု ဝန်ထမ်းအနည်းငယ် (၄%) မှသာ ဖြေဆိုခဲ့သည်။ ယင်းလုပ်သားများသည် ယေဘုယျအားဖြင့် နည်းပညာပြောင်းလဲမှုများသည် အပြုသဘောဆောင်သည်ဟု ဖြေဆိုခဲ့သည်။ ဝန်ထမ်းအများစုမှာ သင်တန်းနှင့် လုပ်ခလစာ ပိုမိုရရှိခဲ့ကြပြီး အလိုအလျောက်စနစ်ပြောင်းခြင်းသည် ၎င်းတို့ အလုပ်များကို ပိုမိုလွယ်ကူစေခဲ့သည်ဟု ဖြေဆိုခဲ့သည်။ အလိုအလျောက်စနစ်ပြောင်းခြင်းသည် ၎င်းတို့၏ လုပ်ငန်းခွင်အားပိုမိုဘေးကင်းစေသည်ဟု ဝန်ထမ်းတစ်ဝက်နီးပါးမှ ဖြေဆိုခဲ့သည်။ သို့သော် ယင်းရလဒ်များရအောင် ဖြေဆိုပေးခဲ့သော အလုပ်သမားများနှင့် စီးပွားရေးအရေအတွက်သည် အလွန်နည်းနေသေးသောကြောင့် အထည်ချုပ်ကဏ္ဍတစ်ခုလုံးအတွက် ကိန်းဂဏန်းအရ သိသာသည့် ခြုံငုံသုံးသပ်ချက်များ မဆွဲနိုင်ပေ။

စီးပွားရေးလုပ်ငန်းအားလုံးသည် အလိုအလျောက်စနစ်ပြောင်းခြင်းနှင့် ဒီဂျစ်တယ်စနစ်ပြောင်းခြင်းတို့တွင် ဆက်လက်ရင်းနှီးမြှုပ်နှံရန် လာမည့် နှစ်များအတွင်း အစီအစဉ်ရှိသော်လည်း ယင်းရင်းနှီးမြှုပ်နှံမှုများ၏ အလုပ်အကိုင်ပေါ်တွင် အကျိုးသက်ရောက်မှုများမှာ သိသိသာသာ ပြောင်းလဲနိုင်သည်။ လွှမ်းခြုံစစ်တမ်းလွှာဖြေဆိုခဲ့သော စက်ရုံအားလုံးနီးပါးသည် နောင်လာမည့် (၃) နှစ်အတွင်း ၎င်းတို့စက်ရုံတွင် အလိုအလျောက်စနစ်ပြောင်းခြင်း သို့မဟုတ် ဒီဂျစ်တယ်စနစ်ပြောင်းခြင်း တို့တွင် ရင်းနှီးမြှုပ်နှံမှုအသစ်အချို့ကို စီစဉ်နေခဲ့သည်။ စက်ရုံအများစုသည် ၂၀၁၉ ခုနှစ်တွင်ရှိသော အလုပ်အကိုင်ပမာဏကို အနာဂတ်တွင်လည်း ဆက်လက်ထိန်းသိမ်းထားရန် စီစဉ်နေသော်လည်း စက်ရုံအကြီး (၂) ခုသည် အလိုအလျောက်စနစ်များသုံးပြီး ၎င်းတို့၏ လုပ်သားအင်အား ၈၀% မှ လျှော့ချရန် စီစဉ်နေသည်ဟု ဖြေဆိုခဲ့သည်။

အလိုအလျောက်စနစ်ပြောင်းခြင်းသည် အလုပ်အကိုင်များဖန်တီးမှု လျှော့ချပေးမည်ဖြစ်ပြီး အချို့သောအလုပ်အကိုင်များမှာ မလိုအပ်တော့ဘဲ ဝန်ထမ်းလျှော့ချပေးနိုင်သလို ယင်းသည် လုပ်ခလစာမြင့်သော အလုပ်အကိုင်များနှင့် ပိုမိုတိုးတက်ကောင်းမွန်သော အလုပ်အကိုင်အခြေအနေများကို ရရှိနိုင်သည့် လမ်းကြောင်းများကို ဖန်တီးပေးနိုင်သည်။ အလိုအလျောက်စနစ်များနှင့် ဒီဂျစ်တယ်နည်းပညာများ စတင်အသုံးပြုခြင်းတွင် အလုပ်သမားများသည် စက်ပစ္စည်းများအား အမြဲတစေ ရှုံးနိမ့်နေလိမ့်မည် မဟုတ်ပေ။

ထိုအစား အလိုအလျောက်စနစ်များ အသုံးပြုခြင်းဖြင့် အလုပ်သမားများစွာအတွက် လုပ်ငန်းခွင်ထုတ်လုပ်မှုစွမ်းအားပိုမိုမြင့်တက်လာသည့် အကျိုးကျေးဇူး ရရှိမည်။

နည်းပညာအသစ်များသည် လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှု နှင့် ကျန်းမာရေး အခြေအနေများကို တိုးတက်စေနိုင်သည်။ ဥပမာ – ထပ်ခါတလဲလဲ လှုပ်ရှားသွားလာမှု လျှော့ချခြင်း သို့မဟုတ် လက်ဖြင့် ပိတ်စဖြတ်ခြင်းကဲ့သို့ အန္တရာယ်ရှိသော လုပ်ငန်းစဉ်များ အနီးအနားတွင် လုပ်ကိုင်ရခြင်းတို့မှ ဖယ်ရှားပေးနိုင်သည်။

နည်းပညာအပြင် မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍအား လာမည့်နှစ်များအတွင်း ပုံသွင်းပေးမည့် အခြားအချက်များလည်း ရှိပါသည်။ ပထဝီအနေအထားအရ နိုင်ငံရေးအင်အားကြီးများဖြစ်သော တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြားဖြစ်နေသော ကုန်သွယ်ရေးအငြင်းပွားမှုများနှင့် တရုတ်နိုင်ငံတွင် တိုးလာနေသော လုပ်ခလစာနှင့် သဘာဝ

ပတ်ဝန်းကျင်ဆိုင်ရာ ကန့်သတ်ချက်စည်းမျဉ်းများကြောင့် ကုန်အမှတ်တံဆိပ်များအနေဖြင့် မြန်မာနိုင်ငံအပါအဝင် အခြားသော နိုင်ငံများတွင် မှာယူလုပ်ကိုင်ရန် တွန်းအားပေးနေပါသည်။ (Mowbray ၂၀၁၈)[၁] အထူးသဖြင့် အာရှတိုက် ဈေးကွက်များတွင် အထည်ချုပ်ကဏ္ဍသည်လည်း သိသိသာသာ တိုးတက်မှုများ ကြုံတွေ့နေရပါသည်။ ယင်းအချက်များသည်လည်း မြန်မာနိုင်ငံအတွက် အခွင့်သာအောင် တွန်းအားပေးနိုင်ပါသည်။ သို့သော်လည်း ကျရောက်နိုင်သည့် အန္တရာယ်များလည်း ရှိပါသေးသည်။ မကြာသေးမီက ရခိုင်ပြည်နယ်တွင် လူမျိုးတုန်းသတ် ဖြတ်မှုအတွက် စီစဉ်ဖွဲ့စည်းခဲ့သော ကမ္ဘာ့ကုလသမဂ္ဂ အချက်အလက်ရှာဖွေစုဆောင်းသည့်မစ်ရှင်အဖွဲ့သည် မြန်မာ့တပ်မတော်အပေါ် ထပ်မံပိတ်ဆို့မှုများပြုလုပ်ရန် အကြံပြုထားသည်။ ယင်းအချက်သည် မြန်မာနိုင်ငံ အထည်ချုပ်ကဏ္ဍအား အနုတ်သဘောဆောင်သော သက်ရောက်မှုရှိနိုင်သည်။ ယင်းသက်ရောက်မှုများဖြစ်လာပါက သွယ်ဝိုက်၍ ဖြစ်ပေါ်လာမည်ဖြစ်ပြီး ခံယူထားသော ဂုဏ်သိက္ခာပိုင်းဆိုင်ရာ အန္တရာယ်နှင့် ဆက်စပ်မှုရှိနေသည်။ မြန်မာနိုင်ငံ အထည်ချုပ်ကဏ္ဍသည် အလွန်အတွေ့အကြုံမရှိသေးသော အလုပ်သမားအင်အား၊ ရင့်ကျက်မှုမရှိသေးသော စက်မှုကဏ္ဍဆက်ဆံရေးများနှင့် အားနည်းနေသော သင်တန်း၊ ကျွမ်းကျင်မှုဖွံ့ဖြိုးအောင် ပြုလုပ်သည့်စနစ်များ စသည်တို့နှင့် ရုန်းကန်ရလိမ့်မည်။ စီးပွားရေး လုပ်ကိုင်ရန် အားမပေးသော ပတ်ဝန်းကျင်၊ ပုံမှန်တသမတ်တည်းမရှိသော လျှပ်စစ်ဓါတ်အားနှင့် နှေးကွေးသော ဆိပ်ကမ်းများသည် အချိန်နှင့်ပတ်သက်လျှင် အလွန်အကဲဆတ်သော အထည်ချုပ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများကို နှောင့်နှေးစေမည် ဖြစ်သည်။

နည်းပညာဆိုင်ရာ ပြောင်းလဲမှုသည် တဖြည်းဖြည်းဖြစ်လာမည်ဖြစ်သော်လည်း ထိုပမာဏနှင့် မလွဲမသွေပြောင်းလဲခြင်းတို့အတွက်မြန်မာနိုင်ငံကဲ့သို့သောနိုင်ငံများသည်ယနေ့ပင်စတင်ပြင်ဆင်ရမည်ဖြစ်သည်။အထည်ချုပ်ကဏ္ဍတွင် အနာဂတ်အောင်မြင်မှုရရှိခြင်းသည် လုပ်သားအင်အား၏ စွမ်းရည်/ကျွမ်းကျင်မှုများအပေါ်တွင် အဓိကမူတည်နေပါသည်။ ယင်းလုပ်သားအင်အားသည် ခေတ်မီသော စက်ပစ္စည်းများကို ကိုင်တွယ်နိုင်စွမ်းရှိရမည့်အပြင် လက်ဖြင့်ချုပ်/ထုတ်လုပ်ရသော ရှုပ်ထွေးပြီး တန်ဖိုးမြင့်အထည်များအတွက်ပါ လိုအပ်သော ကျွမ်းကျင်မှုများ တိုးမြှင့်ထားရမည်ဖြစ်သည်။ အနာဂတ်အထည်ချုပ်ကဏ္ဍတွင် ကျွမ်းကျင်သော စက်ပစ္စည်းပြုပြင်ထိန်းသိမ်းသည့် ဝန်ထမ်းများ လိုအပ်လာမည်။ သင်တန်းရေးဆွဲခြင်းနှင့် သင်တန်းပေးခြင်းတို့အတွက် အလုပ်သမားများနှင့် အလုပ်ရှင်များ၏ အဓိကအခန်းကဏ္ဍအဖြစ် သင်တန်းပေးသည့်စနစ်များသည် ပြန်လည် ပြုပြင်ရမည် ဖြစ်သည်။ အစိုးရမှလည်း ဥပဒေမူဘောင်များနှင့် ထိုသင်တန်းများပြုလုပ်ရန် စိတ်ပါဝင်စားမှု တိုးတက်လာရန် တိုးမြှင့်လုပ်ဆောင်သင့်သည်။

ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်စေမှုနှင့်အတူ မြန်မာနိုင်ငံအတွက် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိလာစေရန် စီးပွားရေးပတ်ဝန်းကျင်ကောင်းများ ဖြည့်စွက်ဖော်ဆောင်ရမည်။ အလိုအလျောက်စနစ်အသုံးပြုသော အထည်ချုပ်လုပ်ငန်းအတွက် မရှိမဖြစ်အရေးကြီးသည်မှာ ကြိုတင်ခန့်မှန်းနိုင်သော ယုံကြည်စိတ်ချရသောနှင့် ဈေးနှုန်းသက်သာသော လျှပ်စစ်မီးရရှိရန်ဖြစ်သည်။ ဈေးကွက်ထက် အချိန်ပေါ်တွင် ပိုမိုအလေးထားသည့် စီးပွားရေးလုပ်ငန်းဖြစ်နေသောကြောင့် အချိန်တိုနှင့် ထိရောက်အောင် ဆောင်ရွက်နိုင်သော ဆိပ်ကမ်းများနှင့် အကောက်ခွန်ရုံးများသည်လည်း အလွန်အရေးကြီးပါသည်။ ကူးပြောင်းရန် ကုန်ကျသည့်ကိစ္စရပ်များ ဖြေရှင်းထားသည့် ပိုမိုကောင်းမွန်သော အခွန်စည်းကြပ်ခြင်းသည် လိုအပ်ပါသည်။ ယင်းသည် အခြေခံအဆောက်အအုံနှင့် ကျွမ်းကျင်မှုစွမ်းရည် တည်ဆောက်ပေးခြင်းအတွက် ရန်ပုံငွေထောက်ပံ့ပေးသည်။ ယင်းပြောင်းလဲမှုများအတွက် ရင်းနှီးမြှုပ်နှံမှု အများအပြားလိုအပ်ပြီး မြန်မာနိုင်ငံအနေဖြင့် အထည်ချုပ်ကဏ္ဍတွင် ဆက်လက်ယှဉ်ပြိုင်နိုင်ပြီး အရည်အသွေးရှိသော အလုပ်အကိုင်များ ဖန်တီးနိုင်ရန် မူဝါဒပြုပြင်ပြောင်းလဲရန်ပါ လိုအပ်ပါသည်။

---

[၁] သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဖြစ်ရပ်များအား တုန့်ပြန်သည့်အနေဖြင့် တရုတ်နိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများ စတင်အသုံးပြုခဲ့ရာမှ အထည်အရောင်ဆိုးသည့် အဆောက်အအုံများ ပိတ်သိမ်းလိုက်ရသည်။ ယင်းသည် အထည်များအရောင်ဆိုးသည့်ဈေးနှုန်းများ သိသိသာသာ တိုးတက်စေခဲ့သည်။

# နိဂုံးချုပ်

အထည်ချုပ်ကဏ္ဍတွင် တန်ဘိုးပြောင်းလဲမှုကွင်းဆက်အား မြှင့်တင်ရန်၊ လုပ်ခလစာများနှင့် အလုပ်လုပ်ကိုင်သည့် အခြေအနေများ တိုးတက်ကောင်းမွန်စေရန် နည်းပညာသည် မြန်မာနိုင်ငံအတွက် မရှိမဖြစ်လိုအပ်ပါသည်။ ကုန်ကျစရိတ်သက်သာမှုသည် မြန်မာနိုင်ငံ၏ ကာလတိုအတွင်း အဓိကအားသာချက်များထဲမှ တစ်ခုဖြစ်နေသော်လည်း လူမှုရေးမိတ်ဖက်များသည် “ကုန်ကျစရိတ်သက်သာသော” အထည်ချုပ်လုပ်ငန်း ထုတ်လုပ်သည့် အချက်အချာတစ်ခု ဖြစ်နေခြင်းကို ကျော်လွန်ရန် ဆန္ဒပြင်းပြနေကြသည်။ အလုပ်သမားကုန်ကျစရိတ်သည် ထုတ်လုပ်မှုအဆင့်ဆင့် လုပ်ငန်းစဉ်၏ ကုန်ကျစရိတ်ပါဝင်မှုတွင် ကြီးမားစွာ ပါဝင်နေသောကြောင့် ကုန်ကျစရိတ်သက်သာခြင်းသည် အရည်အသွေးနိမ့်ခြင်းနှင့် လုပ်ခလစာနည်းခြင်း စသည်တို့နှင့် အဓိပ္ပါယ်တူ ဖော်ညွှန်းခံရလေ့ရှိသည်။ သို့သော် မြန်မာနိုင်ငံသည် ရေရှည်တွင် ကုန်ကျစရိတ်နည်းရာမှ တန်ဖိုးကောင်းမွန်သော၊ ထိုမှတစ်ဆင့် တန်ဖိုးအကြီးဆုံးအဖြစ်သို့ ရောက်ရှိရန် မျှော်မှန်းနေပါသည်။ ကျွမ်းကျင်သောလုပ်သားအင်အား တိုးမြှင့်ခြင်းနှင့်အတူ အော်တိုမေးရှင်း သို့မဟုတ် စက်ပစ္စည်းများဖြင့် အလိုအလျောက် ကုန်ထုတ်လုပ်နည်းအား စတင်ကာ ထိရောက်စွာအသုံး မပြုနိုင်လျှင် ယင်းသို့ ကူးပြောင်းရန် မဖြစ်နိုင်ပါ။ သို့သော်လည်း ယင်းပြောင်းလဲမှုများသည် အလုပ်အကိုင်များ၏ သဘာဝနှင့် ခွဲဝေမှုတို့အား မလွဲမသွေ ပြောင်းလဲပေးမည်ဖြစ်ပြီး ယင်းသို့ကူးပြောင်းမှုအတောအတွင်း အချို့သော ဝန်ထမ်းလျှော့ချခြင်းများကို ဖြစ်ပေါ်စေမည် ဖြစ်သည်။

မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍတွင် အော်တိုမေးရှင်း သို့မဟုတ် စက်ပစ္စည်းများဖြင့် အလိုအလျောက် ကုန်ထုတ်လုပ်နည်းသည် အကန့်အသတ်ဖြင့်သာ ရှိနေသော်လည်း တိုးလာနေသည်။ လွှမ်းခြုံစစ်တမ်းလွှာဖြေဆိုခဲ့သော စက်ရုံအားလုံးနီးပါးသည် ၎င်းတို့စက်ရုံတွင် တစ်မျိုးမျိုးသော အော်တိုမေးရှင်း သို့မဟုတ် စက်ပစ္စည်းများဖြင့် အလိုအလျောက် ကုန်ထုတ်လုပ်နည်းတွင် ရင်းနှီးမြှုပ်နှံထားခဲ့ပြီးဖြစ်သော်လည်း ယင်းပြောင်းလဲခြင်းသည် ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ်၏ အစိတ်အပိုင်းအနည်းငယ်သာ ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သော လွှမ်းခြုံစစ်တမ်းလွှာအရ ဒီဂျစ်တယ်ပလော့တာပရင်တာများ သို့မဟုတ် ကွန်ပြူတာအကူဖြင့် ဒီဇိုင်းဆွဲခြင်း စသည့် ထုတ်လုပ်မှု မတိုင်ခင်အဆင့်များတွင် ၇၀% သော စက်ရုံနီးပါးမှ နည်းပညာအသစ်များ စတင်အသုံးပြုနေခဲ့သည်ဟု တွေ့ခဲ့သည်။ စက်ရုံများ၏ ၅၀% သို့မဟုတ် တစ်ဝက်နီးပါးတွင် အလိုအလျောက် ဖြန့်ခင်းခြင်း သို့မဟုတ် ဖြတ်တောက်ခြင်းတို့ စတင်အသုံးပြုနေခဲ့သည်။ စက်ရုံများ၏ ၄၀% ခန့်တွင် တစ်စိတ်တစ်ပိုင်းအလိုအလျောက် (semiautomatic )သို့မဟုတ် အလိုအလျောက် စက်ချုပ်စက်များ တစ်မျိုးမျိုးကို စတင်အသုံးပြုနေခဲ့သည်။

အလုပ်သမားအများစုသည် တစ်စိတ်တစ်ပိုင်းအလိုအလျောက် (semiautomatic) သို့မဟုတ် အလိုအလျောက် စနစ်ပါဝင်သော နည်းပညာကို အသုံးပြုနေပြီးဖြစ်သည်။ ဖြေဆိုခဲ့သော အလုပ်သမားအယောက် (၂၆၀) တွင် ၁၃၁ ယောက်မှာ တစ်စိတ်တစ်ပိုင်းအလိုအလျောက် (semiautomatic) နှင့် ၉ ယောက်မှ အလိုအလျောက်စနစ်ပါဝင်သော နည်းပညာကို အသုံးပြုနေပြီးဖြစ်သည်ဟု ဖြေဆိုခဲ့ကြသည်။ အထူးသဖြင့် ခေတ်မီသော စက်ပစ္စည်းများ ပိုမိုအသုံးပြုနေမှုနှင့် အလုပ်သမားများ၏ ဂျန်ဒါ သို့မဟုတ် ပညာရေးဆိုင်ရာ သက်ဆိုင်မှု ဦးတည်ရာများ သိသိသာသာ မရှိခဲ့ပါ။ ယင်းသို့ ကိန်းဂဏန်းများ မြင့်နေသော်လည်း ဝန်ထမ်းများသည် ၎င်းတို့ အလုပ်အကိုင်တွင် ဒီဂျစ်တယ်စနစ်ပြောင်းခြင်း သို့မဟုတ် အလိုအလျောက်စနစ်ပြောင်းခြင်း တွေ့ကြုံခဲ့ရသည်ဟု ဝန်ထမ်းအနည်းငယ် (၄%) မှသာ ဖြေဆိုခဲ့သည်။ ယင်းလုပ်သားများသည် ယေဘုယျအားဖြင့် နည်းပညာပြောင်းလဲမှုများသည် အပြုသဘောဆောင်သည်ဟု ဖြေဆိုခဲ့သည်။ ဝန်ထမ်းအများစုမှာ သင်တန်းနှင့် လုပ်ခလစာ ပိုမိုရရှိခဲ့ကြပြီး အလိုအလျောက်စနစ်ပြောင်းခြင်းသည် ၎င်းတို့အလုပ်များကို ပိုမိုလွယ်ကူစေခဲ့သည်ဟု ဖြေဆိုခဲ့သည်။ အလိုအလျောက်စနစ်ပြောင်းခြင်းသည် ၎င်းတို့၏ လုပ်ငန်းခွင်အား ပိုမိုဘေးကင်းစေသည်ဟု ဝန်ထမ်းတစ်ဝက်နီးပါးမှ ဖြေဆိုခဲ့သည်။

စီးပွားရေးလုပ်ငန်းအားလုံးသည် အလိုအလျောက်စနစ်ပြောင်းခြင်းနှင့် ဒီဂျစ်တယ်စနစ်ပြောင်းခြင်းတို့တွင် ဆက်လက် ရင်းနှီးမြှုပ်နှံရန် လာမည့်နှစ်များအတွင်း အစီအစဉ်ရှိသော်လည်း ယင်းရင်းနှီးမြှုပ်နှံမှုများ၏ အလုပ်အကိုင်ပေါ်တွင် အကျိုးသက်ရောက်မှုများမှာ သိသိသာသာ ပြောင်းလဲနိုင်သည်။ လွှမ်းခြုံစစ်တမ်းလွှာဖြေဆိုခဲ့သော စက်ရုံအားလုံးနီးပါးသည် နောင်လာမည့် (၃) နှစ်အတွင်း ၄င်းတို့စက်ရုံတွင် အလိုအလျောက်စနစ်ပြောင်းခြင်း သို့မဟုတ် ဒီဂျစ်တယ်စနစ်ပြောင်းခြင်း တို့တွင် ရင်းနှီးမြှုပ်နှံမှုအသစ်အချို့ကို စီစဉ်နေခဲ့သည်။ စက်ရုံအများစုသည် ၂၀၁၉ ခုနှစ်တွင်ရှိသော အလုပ်အကိုင်ပမာဏကို အနာဂတ်တွင်လည်း ဆက်လက်ထိန်းသိမ်းထားရန် စီစဉ်နေသော်လည်း စက်ရုံအကြီး (၂) ခုသည် အလိုအလျောက်စနစ်များသုံးပြီး ၄င်းတို့၏ လုပ်သားအင်အား ၈၀% မှ လျှော့ချရန် စီစဉ်နေသည်ဟု ဖြေဆိုခဲ့သည်။

မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍသည် ရေရှည်အောင်မြင်မှု ရရှိခြင်းနှင့် လုပ်ခလစာများ ဆက်လက်တိုးပွားပြီး မြန်မာနိုင်ငံ အလုပ်သမားများ၏ အလုပ်အကိုင်အခြေအနေများတိုးတက်လာစေခြင်းတို့အတွက် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်မှုသည် မရှိမဖြစ်အရေးကြီးပါသည်။

ကျွမ်းကျင်မှုလိုအပ်ချက်များမှာ နည်းလမ်းအမျိုးမျိုးဖြင့် ပြောင်းလဲနေပါသည်။ ပထမအနေဖြင့် အခြေခံစက်ချုပ်လုပ်ငန်းများမှာ အလိုအလျောက်စနစ်ဖြစ်သော်လည်း ကျန်ရှိနေသေးသော လက်ဖြင့် ချုပ်ရသောအရာများမှာ ပိုမိုရှုပ်ထွေးလာပြီး လက်ဖြင့်လုပ်ကိုင်နိုင်သော ကျွမ်းကျင်မှုများ ပိုမိုလိုအပ်သည်။ ဒုတိယအနေဖြင့် မန်နေဂျာများနှင့် ပိုမိုခေတ်မီသော ကျွမ်းကျင်မှုများ (အိုင်တီဆိုင်ရာ ကျွမ်းကျင်မှုများ ရှိသော) စက်မှုပညာရှင်များမှ ကြီးကြပ်ပေးရန် လိုအပ်သည်။ ယင်းသည် အဆင့်မြင့်ကျွမ်းကျင်မှုများရှိသော ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်သားများ ပိုမိုလိုအပ်လာစေမည်။ ယင်းကဏ္ဍများတွင် ကျွမ်းကျင်မှုများတိုးတက်ဖွံ့ဖြိုးလာစေခြင်းသည် အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် အလိုအလျောက်စနစ်ပြောင်းခြင်းနှင့် ဒီဂျစ်တယ်စနစ်ပြောင်းခြင်းတို့မှ ရရှိမည့် အကျိုးကျေးဇူးများကို အလုပ်သမားများမှ ဆက်လက်ခံစားစေရန် အဓိကကျပါသည်။ ယင်းကျွမ်းကျင်မှုကဏ္ဍများသည် ရေရှည်တွင် မြန်မာ့အထည်ချုပ်လုပ်ငန်း၏ အဓိက အာရုံစိုက်ရမည့်အရာ ဖြစ်သင့်သည်။

# အကြံပြုတိုက်တွန်းချက်များ

အထည်ချုပ်ကဏ္ဍရှိ စွမ်းရည်မြှင့်တင်ရေးအဖွဲ့အစည်းများနှင့် အလုပ်သမားများသည် စက်ရုံတွင်း လေ့ကျင့်သင်တန်းများ ပို့ချခြင်းအတူ စွမ်းရည်မြှင့်တင်ရေးစနစ်များနှင့် စီမံချက်များရေးဆွဲရာတွင် ဦးဆောင်ရမည်ဖြစ်သည်။ အလုပ်သမားများနှင့် အလုပ်ရှင်များအနေဖြင့် နောက်ဆုံးပေါ်နည်းပညာများအား အသိအမှတ်ပြုပြီး လက်တွေ့အသုံးပြုပါက လိုအပ်သော စွမ်းရည်များနှင့် လေ့ကျင့်သင်တန်းများ အကောင်အထည်ဖော်ရန်လည်း ဆုံးဖြတ်လာကြမည်ဖြစ်သည်။ စွမ်းရည်လေ့ကျင့်သင်ကြားရေးအစီအစဉ်များအနေဖြင့် နည်းပညာသစ်များအသုံးပြုနိုင်စေရန် လေ့ကျင့်သင်ကြားရေးကျောင်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့အနေဖြင့် မိတ်ဖက်အဖွဲ့များဖွဲ့စည်းသင့်သည်။ လေ့ကျင့်သင်ကြားပေးရန် ရည်ရွယ်ချက်တစ်ခုတည်းဖြင့်သာ အလိုလျောက်စနစ် စက်ပစ္စည်းများကို ဝယ်ယူမည်ဆိုပါက ကုန်ကျစရိတ်အလွန်များမည်ဖြစ်သည်။ ထို့ကြောင့် စက်ရုံများ သို့မဟုတ် စက်ပစ္စည်းရောင်းချသူများထံတွင် ၎င်းတို့ စက်ပစ္စည်းများ အသုံးမပြုချိန်၌ ခေတ္တသုံးစွဲနိုင်စေရန် အတွက် မိတ်ဖွဲ့ထားသင့်သည်။ ဥပမာ – စက်ရုံတစ်ခု၏ ပိတ်စညှပ်ခန်းအတွက် အလုပ်ချိန်မှာ မနက် ၉ နာရီမှ ညနေ ၅ နာရီအထိဖြစ်ပြီး ပုံမှန်အလုပ်ချိန်မစခင် သို့မဟုတ် အလုပ်ချိန်အပြီးတွင် အစိုးရနည်းပညာကျောင်းမှ ကျောင်းသားများအား လေ့ကျင့်သင်ကြားရေးအတွက် ခွင့်ပြုပေးခြင်းမျိုးဖြစ်သည်။

အလုပ်ရှင်မှလိုအပ်သည့် အလုပ်နှင့်သက်ဆိုင်ရာ ကျွမ်းကျင်မှုအရည်အချင်းနှင့် ကိုက်ညီပါက စွမ်းရည်အသိအမှတ်ပြုထောက်ခံလွှာအား လေ့ကျင့်သင်ကြားရေးတွင် ပူးပေါင်းထည့်သွင်းပေးနိုင်သည်။ ၎င်းတို့အနေဖြင့် ကျွမ်းကျင်မှုစွမ်းရည်များကို အမှန်တကယ်အသုံးပြုနိုင်ပါက ထိုအသိအမှတ်ပြုထောက်ခံလွှာသည် အလုပ်ရှင်နှင့် အလုပ်သမားသမဂ္ဂနှစ်ခုလုံးအတွက် အကျိုးရှိနိုင်သည်။ အလုပ်သမားသမဂ္ဂသည် အလုပ်သမားများအား လစာကောင်းများရရှိရန် မျှော်လင့်ချက်ဖြင့် ထိုထောက်ခံလွှာများကို အခိုင်အမာထောက်ပံ့ပေးနေသည် (အင်တာဗျူး ၁၁၊ ၂၀၁၉)။ ယင်းထောက်ခံလွှာအား လေ့ကျင့်သင်ကြားရေး အစီအစဉ်များသို့ ပူးပေါင်းထည့်သွင်းနိုင်သော်လည်း ထိုစွမ်းရည်များသည် အလုပ်နှင့်ကိုက်ညီမှုရှိမရှိ စစ်ဆေးနိုင်သော ထင်မြင်တုံ့ပြန်ချက်ပေးသည့် စနစ်ကိုလည်း တွဲဖက်ထားရှိရမည် ဖြစ်သည်။ ထိုသို့ပြုလုပ်ရာတွင် ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်မှုလိုအပ်သော်လည်း အတိုင်းအတာတစ်ခုထိသာ ယင်းထောက်ခံလွှာများ၏ ထိရောက်မှုကို အာမခံချက်ပေးနိုင်ကြသည်။ ထောက်ခံလွှာထုတ်ပေးသည့် လုပ်ငန်းစဉ်အနေဖြင့် သတ်မှတ်ထားသော ကျွမ်းကျင်မှုစွမ်းရည်များအပေါ်အခြေခံရမည်ဖြစ်ပြီး ပွင့်လင်းမြင်သာမှု ရှိရမည်ဖြစ်သည်။

လေ့ကျင့်သင်တန်းများ ပို့ချချက်မှတ်တမ်းအား စိစစ်ရာ၌ ရလဒ်များမှာ ခိုင်မာကောင်းမွန်ခြင်းမရှိသောကြောင့် အစိုးရအနေဖြင့် ဥပဒေရေးရာနှင့် မူဝါဒရေးရာ အနေအထားများကို တိုးတက်ကောင်းမွန်အောင် အလေးပေးဆောင်ရွက်ကာ လေ့ကျင့်သင်ကြားရေးများ ပြုလုပ်လာကြရန် အကျိုးခံစားခွင့်များဖြင့် စည်းရုံးသင့်သည်။ TVET ဥပဒေ သို့မဟုတ် အလုပ်လုပ်ကိုင်မှုနှင့် စွမ်းရည်တိုးတက်မှုဆိုင်ရာ စည်းမျဉ်းများ အစရှိသည့် အဓိကဥပဒေမူဘောင်များအား ပြန်လည်သုံးသပ်ပြီး အပြီးသတ်ထုတ်ပြန်သင့်သည် (အင်တာဗျူး ၁၅၊ ၂၀၁၉)။ ကဏ္ဍများစွာအနက် အလုပ်လုပ်ကိုင်မှုနှင့် စွမ်းရည်တိုးတက်မှုဆိုင်ရာ ရန်ပုံငွေများအား အလေးပေးဂရုစိုက်ရန် လိုအပ်သည်။ ထိုရန်ပုံငွေသည် (အကျိုးအမြတ်ရယူသော သို့မဟုတ် အကျိုးအမြတ် မရယူသော) ပုဂ္ဂလိကကဏ္ဍ သို့မဟုတ် အခြားသောအဖွဲ့အစည်းများမှ ပို့ချသော စက်ရုံတွင်း သို့မဟုတ် လေ့ကျင့်ရေးသင်တန်းစီမံချက်များ ဖြစ်မြောက်လာရေးအတွက် အကျိုးခံစားခွင့်များဖြင့် ဆွဲဆောင်ရန် သို့မဟုတ် ထောက်ပံ့ရန် အသုံးပြုသင့်သည်။ ဤသို့လေ့ကျင့်ရေးစီမံချက်များအား ထောက်ပံ့ပေးသည့် (အလုပ်သမားများ၊ လုပ်ငန်းရှင်များနှင့် အစိုးရ) စသောအဖွဲ့များမှ ပူးပေါင်းကာ စီမံခန့်ခွဲသင့်ကြောင်း ILO ၏ နိုင်ငံပေါင်းစုံဆိုင်ရာလုပ်ငန်းများ ကြေငြာချက်မှ ထောက်ခံထားသည်။ (အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း ၂၀၁၇)

အစိုးရအနေဖြင့် လေ့ကျင့်ရေးသင်တန်းများနှင့် နည်းပညာဆိုင်ရာ အသုံးပြုမှုများအတွက် ကောင်းမွန်သေချာသော အကျိုးခံစားခွင့်များရရှိစေရန် ဖော်ဆောင်ပေးသင့်သည်။ အလုပ်သမားများ၏ လုပ်နိုင်စွမ်းရည်နှင့် ၎င်းတို့အား ယုံကြည်မှုကင်းမဲ့မှုများကြောင့် စက်ရုံအများအပြားတွင် အလုပ်သမားများအတွက် လေ့ကျင့်ရေးသင်တန်းများအား အကန့်အသတ်ဖြင့်သာ ပို့ချကြသည်။ အလုပ်သမားများအား လေ့ကျင့်သင်ကြားပေးပြီးပါက အလုပ်ထွက်မည် စိုးရိမ်သောကြောင့် စက်ရုံများအနေဖြင့် လေ့ကျင့်ရေးသင်ကြားခြင်းများ မပြုလုပ်ပေးကြချေ (အင်တာဗျူး ၀၅) ။

လေ့ကျင့်ရေးသင်တန်းများအား လုပ်ဆောင်ပေးရန် တွန့်ဆုတ်နေမှုကို ကျော်လွှားနိုင်ရန်အတွက် အကျိုးခံစားခွင့် စီမံချက်များဖြစ်သော အခွန်ဆိုင်းငံ့ခွင့်များ၊ ထောက်ပံ့ကြေးများ၊ ရန်ပုံငွေများ၊ ကျောင်းစရိတ်ချေးငွေများ (သို့မဟုတ်) စရိတ်လျှော့ချပေးမှုများ သို့မဟုတ် အစိုးရရန်ပုံငွေမှ အချိန်အပိုင်းအခြားဖြင့် စိုက်ထုတ်ပေးသည့် လုပ်အားလစာ စသည့်တို့အား စီမံဆောင်ရွက်ရန် လိုအပ်သည်။ နည်းပညာအပြောင်းအလဲများ ကြုံတွေ့နေရသော ကုမ္ပဏီများကို အလေးပေးသော အကျိုးခံစားခွင့် စီမံချက်များလည်း ရေးဆွဲဖော်ဆောင်နိုင်သည် (ဗာဂျီးနီးယား စီးပွါးရေးတိုးတက်ရေးမိတ်ဖက် ၂၀၁၉)။ ထိုကဲ့သို့သောစီမံချက်များအား အလုပ်လုပ်ကိုင်မှုနှင့် စွမ်းရည်တိုးတက်မှုဆိုင်ရာ ရန်ပုံငွေမှ ထောက်ပံ့နိုင်သည်။ လေ့ကျင့်သင်ကြားမှုများကို လိုအပ်သည့်အတိုင်း အကောင်အထည်ဖော်ခဲ့ ကြောင်း သေချာစေရန် သင့်တော်သော စိစစ်မှုများ လိုအပ်ပြီး စနစ်ကျသော အလုပ်သမားများနှင့် အလုပ်ရှင်များထံမှ ပါဝင်ထည့်သွင်းမှုများလည်းလိုအပ်သည်။

အကျိုးခံစားခွင့် ဖွဲ့စည်းပုံများသည်လည်း အလုပ်ခွင်၌ နည်းပညာပိုင်းဆိုင်ရာ မှိုငြမ်းအသုံးပြုမှုကို အားပေးရာတွင် အထောက်အကူပြုနိုင်သည်။ ယခင်သုတေသနများအရ အလုပ်သမားများသည် ရေရှည်တွင်အကျိုးရှိမည်ဖြစ်သော်လည်း ခဏတာအတွက် လစာကျဆင်းသွားမည်ကို ဆိုလိုပါက နည်းပညာ မှိုငြမ်းအသုံးပြုမှုတွင် တွန့်ဆုတ်နိုင်သည် (Atkins Et al 2017)။ အလုပ်ရှင်များအနေဖြင့် ဤပြဿနာကို ထပ်မံလေ့လာပြီး စက်ရုံများတွင် သင့်လျော်သော အကျိုးအမြတ်ရရှိနိုင်ကြောင်း လမ်းညွှန်ချက်များအား တိုးမြှင့်လုပ်ဆောင်နိုင်ပါသည်။

အပြည်ပြည်ဆိုင်ရာ မိတ်ဖက်များနှင့် အခြားသောအပြည်ပြည်ဆိုင်ရာ အပြန်အလှန် အတွေ့အကြုံဖလှယ်မှု လမ်းကြောင်းများကို ဖော်ဆောင်ကာ ထောက်ပံ့အားပေးမှုရသင့်သည်။ မြန်မာပြည်ရှိ အချို့သောစက်ရုံများအနေဖြင့် အလုပ်သမားများအား အလုပ်သင်အစီအစဉ်ဖြင့် ပြည်ပသို့ ပို့လွှတ်ပြီးဖြစ်သည်။ အချို့သော တရုတ်စက်ရုံများလည်း ထိုနည်းတူစွာ မြန်မာဝန်ထမ်းများကို တရုတ်ပြည်သို့ ၂ လ ၃ လခန့်ပို့လွှတ်ခြင်းဖြင့် ကျွမ်းကျင်မှုအရည်အချင်းများ တိုးတက်စေသည်။ လတ်တလောတွင် အစီအစဉ်တစ်ခုမှ လူဦးရေ ၂၀ ကို စေလွှတ်ခဲ့သည် (အင်တာဗျူး ၁၉/၂၀၁၉)။ ဤအပြည်ပြည်ဆိုင်ရာ အစီအစဉ်များသည် အရည်အချင်းနှင့် ထိတွေ့လေ့လာခွင့်များ တိုးမြှင့်ရန်အတွက် အလွန်အရေးကြီးသည်။ အထူးသဖြင့် အချို့သော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများသည် ပြင်ပအကူအညီမပါပဲ ထိုအစီအစဉ်များအား လုပ်ဆောင်နှင့်ပြီးဖြစ်သည့်အတွက် အစိုးရအနေဖြင့် ဤသို့အပြန်အလှန် အတွေ့အကြုံဖလှယ်မှု အမျိုးအစားများကို ထပ်မံပံ့ပိုးပေးသင့်သည်။

နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးကို အခြားစွမ်းရည်များ တိုးတက်စေရန် အထောက်အကူပြုသည့် လုပ်သားအင်အား ပညာရေးဆိုင်ရာ အစပျိုးလုပ်ဆောင်မှုများနှင့်အတူ ဖြည့်စွက်ရမည်။ ဥဏစွမ်းရည်နှင့် ပြဿနာဖြေရှင်းနိုင်သည့် စွမ်းရည်များကို တိုးတက်ရမည့်အဓိကအရာများအဖြစ် သတ်မှတ်ပြီးဖြစ်သည်။ လုပ်ငန်းခွင်အတွင်း၌ ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများဆိုင်ရာထပ်ဆင့်ပညာရေးများ လိုအပ်နေသည်ဟု စက်မှုလုပ်ငန်းအထောက်အထားများအရ ဖော်ပြနေသည်။

လျှပ်စစ်ဓာတ်အားကဲ့သို့သော စီးပွားရေးပတ်ဝန်းကျင်ကဏ္ဍများတွင် စီးပွားရေးပတ်ဝန်းကျင် ပြုပြင်ပြောင်းလဲမှုကို လိုအပ်သည်။ မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အားအခြေခံ အဆောက်အအုံများ တိုးတက်ကောင်းမွန်စေရန်အတွက် ပြုပြင်ပြောင်းလဲမှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လျက်ရှိပြီး ထိုလုပ်ဆောင်ချက်များ၏ အသေးစိတ်အချက်အလက်များသည် ဤအစီရင်ခံစာ၏ အတိုင်းအတာထက် များစွာသာလွန်သည်။ သို့သော်စက်များကို စနစ်တကျ အစီအစဉ်ချမှတ်စေနိုင်ရန်အတွက် ပွင့်လင်းမြင်သာမှုတိုးတက်လာခြင်းနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများကို ကြိုတင်အသိပေးခြင်း အစရှိသည့် ကာလတိုစိန်ခေါ်မှုများကို လျှော့ချနိုင်ခဲ့သည် (Interview 12, 2019)။ စက်ရုံများတွင် ဆိုလာပြားများတပ်ဆင်ခြင်းကဲ့သို့သော အခြားသော လျှပ်စစ်စွမ်းအင် အရင်းအမြစ်များရှာဖွေခြင်းအားဖြင့်လည်း စီးပွားရေးလုပ်ငန်းများအနေဖြင့် လျှပ်စစ်ဓါတ်အား ပြတ်တောက်မှုများအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားနိုင်သည်။

မလိုအပ်သော ကြိုးနီစနစ်ကို ဖယ်ရှားခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ ရင်ဆိုင်နေရသော ကုန်ကျစရိတ်များကို လျှော့ချခြင်း၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းများအတွက် နေရာများ ချဲ့ထွင်ခြင်း၊ အနိမ့်ဆုံးလုပ်ခလစာတိုးမြှင့်ခြင်းကို ပိုမိုပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ရေရှည်တည်တံ့သော ကဏ္ဍဖြစ်လာစေသည်။ စီးပွားရေးလုပ်ငန်းများအတွက် သေးငယ်သော အတားအဆီးများကို ဖြစ်ပေါ်စေသော အလွယ်တကူပြောင်းလဲသွားနိုင်သည့် အုပ်ချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ အမိန့်ကြော်ငြာစာများ အစရှိသည်တို့ကို အထူးဂရုပြုသင့်သည်။ ထိုစည်းမျဉ်းများ၏ စုပေါင်းသက်ရောက်လာမှုများသည် ကြီးမားနိုင်ချေရှိသည်။

အထည်ချုပ်လုပ်ငန်းကဏ္ဍ၏ တန်ဖိုးဖွံ့ဖြိုးတိုးတက်မှုကို မလိုအပ်ဘဲ တားဆီးနေသော မူဝါဒများအား ဖယ်ရှားရန်အတွက် မြန်မာနိုင်ငံ၏ အခွန်ကောက်ခံမှုစနစ်ကို ပြန်လည်သုံးသပ်သင့်သည်။ အထူးသဖြင့် ဒေသတွင်းထုတ်လုပ်သည့် ထုတ်ကုန်များအပေါ် ကောက်ခံနေသည့်အခွန်သည် ဒေသခံသွင်းထုတ်ကုန်ရောင်းချသူများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားနေသည်။ ၎င်းကိစ္စရပ်ကို လက်ရှိအနေဖြင့် ထည့်သွင်းစဉ်းစားနေသော ငွေချေးစာချုပ်များဖြင့် ချုပ်ဆိုထားသည့် ဂိုထောင်များ ထူထောင်ပေးခြင်းအားဖြင့် ဖြေရှင်းနိုင်သည် (Interview 12, 2019)။ အစိုးရအနေဖြင့် အထည်ချုပ် ထုတ်လုပ်ရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် သီးခြား HS ကုဒ်များအပါအဝင် စက်ပစ္စည်းများအပေါ် အကောက်ခွန်လျှော့ချခြင်း သို့မဟုတ် ဖယ်ရှားခြင်းကိုလည်း ထည့်သွင်းစဉ်းစားနိုင်သည်။ အစိုးရအနေဖြင့် စက်ယန္တရားသစ်များအား (MIC ခွင့်ပြုချက်အရ) အခွန်မပေးဆောင်ဘဲ တင်သွင်းခွင့်ရှိသည့် စက်ရုံအသစ်များနှင့် ထိုကဲ့သို့မပြုလုပ်နိုင်သော နဂိုရှိပြီး စက်ရုံများအကြား ကိုက်ညီမှုမရှိသည့် ဆက်ဆံမှုများအား ဖြေရှင်းရမည့်အဆင့်များကိုလည်း စဉ်းစားသင့်သည်။

မြန်မာအစိုးရအနေဖြင့် မြန်မာနိုင်ငံရှိ စက်ရုံများမှ သင့်လျော်သည့် အခွန်အခများ ပေးဆောင်ရန်အတွက် လွှဲပြောင်းဈေးနှုန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပေါ် ဆောင်ရွက်မှုပုံစံကို အဆောတလျင် ပြန်လည်သုံးသပ်သင့်သည်။ အဆိုပါကိစ္စရပ်သည် စက်ရုံများတွင် စက်အစားထိုးသုံးမှုများ ပိုမိုဖြစ်ပေါ်လာသည်နှင့်အမျှ အရေးကြီးလာမည်ဖြစ်ပြီး ဝင်ငွေမှ ပိုမိုနည်းပါးသည့် အစိတ်အပိုင်းတစ်ခုကို မြန်မာနိုင်ငံတွင်း လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ်အား ကာမိစေရန်အတွက် ပေးပို့ရန် လိုအပ်လာမည်။ အစိုးရအနေဖြင့် ကုန်အမှတ်တံဆိပ်အလိုက်ဝယ်ယူခြင်း အလေ့အကျင့်ကြောင့် ဈေးနှုန်းများယွင်းစွာ သတ်မှတ်ခြင်းအား ဖြစ်ပေါ်နိုင်စေခြင်း ရှိမရှိကိုလည်း ပြန်လည်စစ်ဆေးသင့်သည်။ အစိုးရအနေဖြင့် အထည်ချုပ်လုပ်ငန်း တန်ဖိုးကွင်းဆက်များ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ဆောင်မှုများနှင့် ထိုတန်ဖိုးကွင်းဆက်များ၌ မြန်မာနိုင်ငံ၏အခန်းကဏ္ဍကို ရှင်းလင်းစွာနားလည်စေရန် ဤအလေ့အကျင့်များကို ပြန်လည်သုံးသပ်မှုများ ပြုသင့်သည်။ ဤအစီရင်ခံစာ၌ ကုန်ပစ္စည်းများ ဝယ်ယူရာတွင် ကုန်အမှတ်တံဆိပ်အလိုက် ဝယ်ယူခြင်းကို ပွင့်လင်းမြင်သာပိုမိုရှိနိုင်သည့် နည်းလမ်းအကြံပြုချက်များ ပါဝင်သင့်သည်။

စက်ရုံများတွင် စက်ပိုမိုအစားထိုးသုံးနေသော အကူးအပြောင်းကာလကို စီမံခန့်ခွဲနိုင်ရန်အတွက် လုပ်ငန်းရှင်အနေဖြင့် လူမှုရေးတွေ့ဆုံပွဲများ ပြုလုပ်နိုင်သော စွမ်းရည်များကို လေ့ကျင့်ဖော်ဆောင်သင့်သည်။ အထူးသဖြင့် စက်အစားထိုးအသုံးပြုမှုများ မိတ်ဆက်မှု မစတင်မီ၊ မိတ်ဆက်နေချိန်နှင့် မိတ်ဆက်ပြီးချိန်တို့တွင် အလုပ်သမားများနှင့် တွေ့ဆုံစကားပြောမှုနှင့် တိုင်ပင်ဆွေးနွေးမှုများ တိုးတက်လာစေရန် အလုပ်ရှင်များအား ကူညီထောက်ပံ့ပေးနိုင်သည်။ ၎င်းတို့အနေဖြင့် ပိုလျှံဝန်ထမ်းများနှင့် ဌာနတွင်းရွှေ့ပြောင်းမှုများဆိုင်ရာ အလုပ်သမားဥပဒေ၏ အထူးအကူအညီများရရှိကာ အကျိုးကျေးဇူးများလည်း ရရှိလာနိုင်သည်။

အစိုးရ၊ လူမှုရေးမိတ်ဖက်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ စက်အစားထိုးအသုံးပြုမှုများနှင့် ပတ်သက်သော စက်ရုံအဆင့်တွေ့ဆုံဆွေးနွေးပွဲကို အားပေးပံ့ပိုးသင့်သည်။ လူမှုရေးတွေ့ဆုံဆွေးနွေးပွဲသည် နိုင်ငံများစွာရှိ အလုပ်ခွင်များ၌ ပြောင်းလဲမှုကို ဖြေရှင်းရန်အတွက် အရေးပါသော နည်းလမ်းတစ်ခုဖြစ်သည်။ ဥပမာအားဖြင့် ဂျာမနီနိုင်ငံတွင် အလုပ်သမားများသည် လုပ်ခလစာထက် လုပ်ငန်းခွင်အခြေအနေကို ဦးစားပေးသည့်အတွက် ဝန်ထမ်းရေးရာလိုအပ်ချက် လျော့နည်းမှုကို လုပ်ငန်းရှင်နှင့်ဆွေးနွေးသည့်အခါ ပိုမိုအဆင်ပြေလာသည်။

သို့သော် မြန်မာနိုင်ငံတွင် အလုပ်သမားများနှင့် အလုပ်ရှင်များအကြား အတွေ့အကြုံနှင့် ယုံကြည်မှုသည် ဂျာမနီကဲ့သို့သော နိုင်ငံနှင့် အဆင့်ချင်းမတူညီခြင်းကြောင့် စိန်ခေါ်မှုပြဿနာများနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးရေးကို ပိုမိုခက်ခဲစေသည်။ ပထမအဆင့်အနေဖြင့် အလုပ်ရှင်များနှင့် အလုပ်သမားများသည် စက်ရုံအဆင့်တွင် ပိုမိုကောင်းမွန်သောသတင်းအချက်အလက် ဖလှယ်မှုကို စဉ်းစားသင့်သည်။ ၎င်းတွင် အလုပ်ရှင်များ ရင်ဆိုင်ရမည့် ယှဉ်ပြိုင်မှုဖိအားများ ပါဝင်သင့်သည်။ ထို့အပြင် လုံခြုံရေးနှင့် စက်အစားထိုးအသုံးပြုမှု၏ အခြားအကျိုးကျေးဇူးများအကြောင်း သတင်းအချက်လက် မျှဝေခြင်းများလည်း ပါဝင်သင့်သည်။ အလုပ်ရှင်များသည် စက်ရုံတွင် စက်အစားထိုးအသုံးပြုမှုအစီအစဉ်များကို အလုပ်သမားများနှင့် ပွင့်ပွင့်လင်းလင်းဆွေးနွေးရန် ကြိုးစားသင့်ပြီး အလုပ်သမားများအနေဖြင့်လည်း စက်ရုံအတွက်ပြောင်းလဲမှုများနှင့်ပတ်သက်၍ နှစ်ဦးနှစ်ဖက်လက်ခံနိုင်သော သဘောတူညီချက်ကိုရှာဖွေရန် စိတ်ရင်းမှန်ဖြင့် ကြိုးပမ်းအားထုတ်သင့်သည်။

ကဏ္ဍအဆင့် ဆွေးနွေးမှုနှင့် သတင်းအချက်အလက် ဖလှယ်ခြင်းသည် အလုပ်သမားများနှင့် အလုပ်ရှင်များအကြား နားလည်မှုကို တိုးမြင့်စေနိုင်သည်။ ဥပမာအားဖြင့် MGMA သည် အလုပ်သမား သမဂ္ဂခေါင်းဆောင်များနှင့် အမျိုးမျိုးသော စက်အစားထိုးအသုံးပြုမှု အမျိုးအစားများနှင့် ထိုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုအပေါ် ပြန်ရငွေနှင့်ပတ်သက်သော သတင်းအချက်များကို မျှဝေနိုင်သည်။ ၎င်းတို့သည် ကဏ္ဍဆိုင်ရာ ပြောင်းလဲမှုများဖြစ်သည့် မှာယူမှုအရေအတွက် လျော့ကျလာခြင်း၊ ကုန်ထုတ်လုပ်မှု ကြာမြင့်ချိန် လျော့ကျလာခြင်း သို့မဟုတ် အရည်အသွေးဆိုင်ရာ လိုအပ်ချက်များ မြင့်မားလာခြင်းအစရှိသည့် သတင်းအချက်အလက်များကိုလည်း ဖြန့်ဝေနိုင်သည်။ ဤကဲ့သို့သော သတင်းအချက်အလက်အမျိုးအစားများသည် အလုပ်သမားသမဂ္ဂခေါင်းဆောင်များအား အလုပ်ရှင်များမှ တွေ့ကြုံနေရသည့် ဖိအားများပြောင်း လဲလာမှုကို ပိုမိုသိရှိနားလည်ရန် အထောက်အကူပြုနိုင်သည်။ MGMA မှနေ၍လည်း စက်အစားထိုးအသုံးပြုမှုမှ ရရှိလာနိုင်သည့် အကျိုးကျေးဇူးများဖြစ်သည့် အရည်အသွေး၊ ကြိုတင်ခန့်မှန်းနိုင်မှု၊ လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းမှုနှင့် ကျန်းမာရေးတိုးတက်မှုများဆိုင်ရာ သတင်းအချက်အလက်များကို မျှဝေနိုင်သည်။ ထိုကဲ့သို့ မျှဝေခြင်းသည် စက်အစားထိုးအသုံးပြုမှုမှာ အလုပ်သမားဆိုင်ရာ ကုန်ကျစရိတ်များ လျှော့ချရန်အတွက် မဟုတ်ကြောင်း ပြသရန် အထောက်အကူပြုနိုင်သည် (Interview 09, 2019)။ တစ်ချိန်တည်းတွင် အလုပ်သမားသမဂ္ဂမှနေ၍ စက်အစားထိုးအသုံးပြုမှုများနှင့်ပတ်သက်၍ အလုပ်သမားများ၏ အတွေ့အကြုံများကို မျှဝေနိုင်ပြီး ထိုသို့မျှဝေခြင်းအား MGMA မှ အလုပ်ရှင်များ လုပ်ငန်းခွင်အတွင်း စက်အစားထိုးအသုံးပြုမှုနှင့် ဒီဂျစ်တယ်စနစ်များ မိတ်ဆက်ခြင်းအား စီမံခန့်ခွဲရန် အထောက်အကူပေးခြင်းများတွင် အသုံးပြုနိုင်သည်။

The International Labour Organization
Liason Office in Myanmar
No. 1 [A] Kanbae (Thitsar) Road, Yankin Township,
Yangon, Myanmar
email: yangon@ilo.org
Website: www.ilo.org/myanmar

ISBN : 978-92-2-0316184